# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ၁၈ ရက်မြောက်နေ့အစီအစဉ်

# [ ၂၁-၂-၂၀၁၃ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **တိုင်းဒေသကြီး/ပြည်နယ်များတွင် နှစ်စဉ်မြွေကိုက်ခံရသည့် ဖြစ်စဉ်နှင့် မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ဆေးဝါး လုံလုံလောက်လောက် ဖြန့်ဝေနိုင်ရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **မောင်တောမြို့နယ်၊ အလယ် သံကျော်ဒေသနှင့် အခြားမြို့နယ်များတွင် စက်မှုလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နိုင်ရေး စီစဉ်ပေးရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **စွမ်းအင်ဝန်ကြီးဌာနမှ Energy Security Plan အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသနည်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တစ်နိုင်ငံလုံးတွင် စိုက်ပျိုးလျက်ရှိသည့် သီးနှံများအလိုက် အထွက်နှုန်းတိုးတက်ရန် နိုင်ငံပိုင် ယူရီးယား ဓာတ်မြေသြဇာ စက်ရုံများမှ မည်သည့် အချိန်တွင် မည်ကဲ့သို့ ထုတ်လုပ် ပေးနိုင်မည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဖာပွန်မြို့နှင့် အနောက်ဘက်ကမ်း ကျေးရွာများကို ဆက်သွယ်ထားသော ယွန်းစလင်းချောင်းကူး ဘေလီတံတား အမြန်ဆုံးပြန်လည် ပြုပြင်ပေးနိုင်ပါရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးစိုင်းကျော်မြင့်၊ မိုးနဲ မဲဆန္ဒနယ် (ကိုယ်စား) ဦးစိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ **နမ့်စန်နယ်စပ်မှ မိုးနဲအထိ၊ မိုးနဲမှလင်းခေး အကြားရှိ လမ်းပိုင်း များကို ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လမ်းပိုင်းတစ်ပိုင်းလျှင် ၅ မိုင်စီ နှစ်စဉ် ပြုပြင်ပေးနိုင်ရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ **" ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ "** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း "** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။